# လူနာ စာရင်းကိုင် ဝန်ဆောင်မှုများ၊

# လူနာ ငွေကြေးအကူအညီအစီအစဉ်

## MEDINA ခွဲစိတ်ကုသရေးစင်တာ ငွေကြေးအကူအညီ မူဝါဒ

**ရည်ရွယ်ချက်–** ဤမူဝါဒ၏ ရည်ရွယ်ချက်သည် Medina ခွဲစိတ်ကုသရေးစင်တာ ငွေကြေးအကူအညီ အစီအစဉ်နှင့် လျှောက်ထားခြင်း လုပ်ငန်းစဉ်ကို ရှင်းလင်းဖော်ပြခြင်းဖြစ်သည်။

**မူဝါဒ–** Medina ခွဲစိပ်ကုသရေးစင်တာသည် ဆေးဘက်ဆိုင်ရာ လိုအပ်သော ကုသစောင့်ရှောက်မှုကို ရှာဖွေနေသော်လည်း ၎င်းတို့အတွက် ကုသစောင့်ရှောက်မှုစရိတ်ကို အကန့်အသတ်ဖြင့်သာ ပေးချေနိုင်သော လူနာများအတွက် လူမှုအသိုင်းအဝိုင်း၏ လိုအပ်ချက်များကို တုံ့ပြန်သောငွေကြေးအကူအညီကို ပေးရန် ကတိပြုပါသည်။ Medina ခွဲစိပ်ကုသရေးစင်တာသည် ခွဲခြားဆက်ဆံမှုမရှိဘဲ လူပုဂ္ဂိုလ်များအား ဤမူဝါဒအရ ၎င်းတို့၏ အကျုံးဝင်မှု သို့မဟုတ် ပေးချေနိုင်စွမ်းသည် မည်သို့ပင်ရှိစေကာမူ ဆေးဘက်ဆိုင်ရာလိုအပ်သော ကုသစောင့်ရှောက်မှုကို ပံ့ပိုးပေးလိမ့်မည်။

### ငွေကြေးအကူအညီနှင့် ဆက်စပ်သောမူဝါဒများ–

Medina ခွဲစိပ်ကုသရေးစင်တာသည် အာမခံ မထားရှိသူများ သို့မဟုတ် ဤငွေကြေးအကူအညီမူဝါဒအရ ငွေကြေးအကူအညီရယူရန် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် အာမခံအပြည့်အဝမထားနိုင်သူများအတွက် အခြားသောရွေးချယ်စရာများကိုလည်း ကမ်းလှမ်းပေးပါသည်။ ထပ်ဆောင်းအချက်အလက်အတွက် အောက်ပါ Summa Health System မူဝါဒများကို ကြည့်ပါ–

- Medina ခွဲစိတ်ကုသရေးစင်တာ ငွေတောင်းခံခြင်းနှင့် ကောက်ခံခြင်း မူဝါဒ– Summa Health System သည် ကြွေးတောင်းအေဂျင်စီ(များ)သို့ တင်ပြခြင်း၊ လူပုဂ္ဂိုလ်တစ်ဦး၏ ကြွေးကျန်ကို အခြားသူသို့ ရောင်းချခြင်း၊ ယခင်ငွေတောင်းခံလွှာကို ပေးရန်ကျန်ရှိသောကြောင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ငြင်းဆိုခြင်း၊ ရွှေ့ဆိုင်းခြင်း၊ ငွေပေးချေရန်လိုအပ်ခြင်း သို့မဟုတ် ဤမူဝါဒအောက်တွင် လူနာတစ်ဦးအနေဖြင့် အကျုံးဝင်သည် မဝင်သည်ကို ဆုံးဖြတ်ရန် သင့်တင့်မျှတသောအားထုတ်မှုမပြုလုပ်ခင် တရားရေးရာအရ သို့မဟုတ် တရားရုံး လုပ်ငန်းစဉ်အရ လိုအပ်သော လုပ်ဆောင်ချက်များ ကဲ့သို့သော သာမန်မဟုတ်သည့် ငွေကောက်ခံခြင်းဆိုင်ရာ လုပ်ဆောင်ခြင်းများကို ပြုလုပ်မည်မဟုတ်ပါ။ သာမန်မဟုတ်သည့် ကောက်ခံခြင်းဆိုင်ရာ လုပ်ဆောင်ချက်များပါဝင်သော ကောက်ခံခြင်းလုပ်ရှားမှုများသည် Medina ခွဲစိတ်ကုသရေးစင်တာ၏ ငွေတောင်းခံခြင်းနှင့် ကောက်ခံခြင်း မူဝါဒအရ ဆက်လက်လုပ်ဆောင်ပါလိမ့်မည်။
- Medina ခွဲစိတ်ကုသရေးစင်တာ အာမခံအပြည့်အဝမထားရှိသူ လျှော့ပေါ့ကောက်ခံရေး မူဝါဒ – လူနာများသည် ဆေးဘက်ဆိုင်ရာလိုအပ်သော ဝန်ဆောင်မှုများအတွက် အာမခံအပြည့်အဝမထားရှိသူ လျှော့ပေါ့ကောက်ခံရေးတွင်

အကျုံးဝင်ပါသည်။ ဆေးပညာအရ မလိုအပ်သော ဝန်ဆောင်မှုများမှာ ငွေကြေးအထောက်အပံ့ မူဝါဒအရ အကျုံးမဝင်ပါ။

ထို့ပြင် ဤမူဝါဒသည်–

- ငွေကြေးအထောက်အပံ့အတွက် အရည်အချင်းသတ်မှတ်ချက်များ ပါဝင်ပါသည်
- ဤမူဝါဒအရ ငွေကြေးအထောက်အပံ့ ရပိုင်ခွင့်ရှိသော လူနာများအား ကောက်ခံသောငွေပမာဏ တွက်ချက်မှု အခြေခံများကို ဖော်ပြထားပါသည်
- ငွေကြေးအထောက်အပံ့ လျှောက်ထားရန် လုပ်ငန်းစဉ်ကို ဖော်ပြထားပါသည်
- ငွေကြေးအထောက်အပံ့ လျှောက်ထားမှု လုပ်ငန်းစဉ်အတွင်း ဆောင်ရွက်ရန် အချက်များကို ဖော်ပြထားပါသည်
- Summa Health System က ဤမူဝါဒကို လူ့အသိုင်းအဝိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် လူသိများအောင် ဆောင်ရွက်ပုံကို ဖော်ပြထားပါသည်

1. ငွေကြေးအထောက်အပံ့ရရှိရန် အရည်အချင်းသတ်မှတ်ချက်

အာမခံ မထားရှိသော သို့မဟုတ် ကျန်းမာရေးကုန်ကျစရိတ်အတွက် အာမခံ မလုံလောက်သော၊ မိမိတို့ကုသမှုအတွက် ငွေမပေးချေနိုင်သော လူနာများအတွက် ဤမူဝါဒနှင့်အညီ ငွေကြေးအထောက်အပံ့ လိုအပ်မှု ဆုံးဖြတ်ချက်ပေါ် မူတည်ပြီး ငွေကြေးအထောက်အပံ့ ပေးအပ်ရန် ထည့်သွင်းစဉ်းစားပါမည်။ ထိုအထဲတွင် အောက်ပါအခြေအနေတစ်ခုခု ပါဝင်နိုင်ပါသည်–

a. ကြားခံပုဂ္ဂိုလ်အဖွဲ့အစည်းထံမှ အာမခံအစီအစဉ် မရှိသူများ

b. အများပြည်သူ ထောက်ပံ့မှုရပိုင်ခွင့် ရှိသော်လည်း ဝန်ဆောင်မှု တစ်ခုခုက အကျုံးမဝင်ခြင်း

c. Medicare သို့မဟုတ် Medicaid အကျိုးခံစားခွင့်များ ကုန်ဆုံးသွား၍ လူပုဂ္ဂိုလ်သည် နောက်ထပ်ပေးချေနိုင်စွမ်း မရှိတော့ပါ။

နောက်ထပ်ပေးချေနိုင်စွမ်း မရှိတော့ပါ။

d. လူပုဂ္ဂိုလ်သည် အာမခံထားရှိသော်ငြားလည်း အာမခံအသုံးပြုပြီးနောက် ပေးရန်ကျန်ရှိသည့် ငွေကြေးလိုအပ်ချက်အပေါ် မူတည်၍ အကူအညီရယူခွင့်ရှိသည်။

2. အရည်အချင်းသတ်မှတ်ချက်များ

a. ဖက်ဒရယ် ဆင်းရဲမွဲတေမှု ကန့်သတ်ချက်လမ်းညွှန်၊ မိသားစုဦးရေနှင့် မိသားစုဝင်ငွေ အဓိပ္ပာယ်သတ်မှတ်ချက်များကို အသုံးပြုကာ တစ်စုံတစ်ဦး၏ အရည်အချင်းကိုက်ညီမှုကို ဆုံးဖြတ်ပါသည် (နောက်ဆက်တွဲ က တွင်ကြည့်ပါ)

b. Medina ခွဲစိတ်ကုသရေးစင်တာသည် 12 လတာလစဉ်ကာလအတွင်း Medicare ဝန်ဆောင်မှုအတွက်အခကြေးငွေမှ ရယူထားသည်များအပေါ် အခြေခံ၍ နောက်ပြန်ကြည့်သောနည်းလမ်းကို အသုံးပြု၍ ယေဘူယျငွေတောင်းခံခြင်းကို တွက်ချက်ပါသည်။ ယေဘုယျ ငွေကောက်ခံသောပမာဏ တွက်ချက်ပုံအကြောင်း အသေးစိတ် ရှင်းပြချက်ကို နောက်ဆက်တွဲ A တွင်ကြည့်ပါ။

c. Medina ခွဲစိပ်ကုသရေးစင်တာ ငွေကြေးအကူအညီ– ဖဒရယ်ဆင်းရဲမွဲတေမှုဆိုင်ရာ ကန့်သတ်ချက်များအတိုင်း လျှော့ပေါ့ကောက်ခံခြင်းကို အကျုံးဝင်ရန် လူပုဂ္ဂိုလ်တစ်ဦး၏ အိမ်ထောင်စုဝင်ငွေသည် 250% ထက်များရမည်ဖြစ်ပြီး 400% ထက် နည်းရမည် သို့မဟုတ် တူညီရမည်ဖြစ်သည် (ပူးတွဲပါ A ကို ကြည့်ပါ)။ ငွေကြေးအထောက်အပံ့ ရပိုင်ခွင့်မရှိသော လူနာများအား ယေဘုယျ ငွေကောက်ခံသောပမာဏ (AGB) ထက်ပိုပြီး ကောက်ခံမည်မဟုတ်ပါ။

ထိုအခါ အာမခံမရှိသူများအတွက် ငွေကောက်ခံမှု တစ်စိတ်တစ်ပိုင်း ချိန်ညှိခြင်း သို့မဟုတ် အာမခံရှိသူများအတွက် အာမခံပေးချေမှုအပြီးတွင် လူနာက တာဝန်ရှိမှုအတွက် ငွေကောက်ခံမှု တစ်စိတ်တစ်ပိုင်း ချိန်ညှိခြင်း ဖြစ်စေပါသည်။

d. Medina ခွဲစိပ်ကုသရေးစင်တာ ငွေကြေးအကူအညီ– ဖဒရယ်ဆင်းရဲမွဲတေမှုဆိုင်ရာ ကန့်သတ်ချက်များအတိုင်း ပေးဆောင်ရမည့် အဖိုးအခများအတွက် 100% လျှော့ပေါ့ကောက်ခံခြင်းကို အကျုံးဝင်ရန် လူပုဂ္ဂိုလ်တစ်ဦး၏ အိမ်ထောင်စုဝင်ငွေသည် 250% သို့မဟုတ် ၎င်းအောက် ရှိရမည်ဖြစ်သည်။ ထိုအခါ အာမခံမရှိသူများအတွက် ငွေကောက်ခံမှု တစ်စိတ်တစ်ပိုင်း ချိန်ညှိခြင်း သို့မဟုတ် အာမခံရှိသူများအတွက် အာမခံပေးချေမှုအပြီးတွင် လူနာက တာဝန်ရှိမှုအတွက် ငွေကောက်ခံမှု အပြည့်အဝချိန်ညှိခြင်း ဖြစ်စေပါသည်။

e. ပထမဆုံး ဆေးရုံဆင်းပြီးနောက် ငွေတောင်းခံလွှာပို့ပြီးနောက် အနည်းဆုံး ရက်ပေါင်း 240 အထိ ငွေကြေးအထောက်အပံ့ လျှောက်လွှာများကို စဉ်းစားကာ လျှောက်လွှာ အတည်ပြုသည့်နောက်ဆုံးရက်မှ ခြောက် (6) လအထိ အသက်ဝင်သည်ဟု ယူဆပါသည်။

f. တစ်ဦးချင်း ငွေစာရင်းရှင်းတမ်း တောင်းဆိုခြင်း သို့မဟုတ် အနီးစပ်ဆုံးကာလမှ ပုံစံ W-2၊ အနီးစပ်ဆုံးကာလမှ အခွန်ပုံစံစာရွက်၊ ဘဏ်စာရင်းရှင်းတမ်း သို့မဟုတ် ဝင်ငွေအစီရင်ခံမှုဖော်ပြသော အခြားစာရွက်စာတမ်း တစ်ခုခု၏ မိတ္တူများ တောင်းယူခြင်းဖြင့် ဝင်ငွေကို အတည်ပြုနိုင်ပါသည်။ လျှောက်လွှာတွင် မရှင်းလင်းသော ဝင်ငွေ၊ မိသားစုဦးရေ သို့မဟုတ် အခြားအချက်အလက်တစ်ခုခုကို နှုတ်ဖြင့်ရှင်းလင်းချက်ပေးသည်ကို Summa Health System က လက်ခံနိုင်ပါသည်။

g. ဝင်ငွေအတည်ပြုချက်နှင့် ရနိုင်သော ပိုင်ဆိုင်မှုများ ဖော်ပြသည့် ရရှိထားသော စာရွက်စာတမ်းများကို နောင်တွင်ရည်ညွှန်းနိုင်အောင် လူနာ၏အမှုတွဲများတွင် ထိန်းသိမ်းထားပါမည်။

i. Medina ခွဲစိတ်မှုစင်တာသည် ဤမူဝါဒ၌သတ်မှတ်ထားသည့် သတ်မှတ်ချက်များထက် ကျော်လွန်နိုင်သည့် ခွဲစိပ်ကုသရေးစင်တာ၏ တစ်ဦးတည်းဆုံးဖြတ်ချက်နှင့် Ambulatory and Support Services ဒုတိယ ဥက္ကဋ္ဌ၏ အတည်ပြုချက်အရ ထူးထူးကဲကဲ ဆေးဘက်ဆိုင်ရာအခြေအနေများ (ဆိုလိုသည်မှာ ကုသ၍မရတော့သည်ထိ နာမကျန်းဖြစ်ခြင်း၊ ဆေးကုသစရိတ် အလွန်များခြင်းနှင့်/သို့မဟုတ် ဆေးဝါးများစသည်)ရှိသည်ဟု သတ်မှတ်ခြင်းခံရသည့် မည်သည့်ပုဂ္ဂိုလ်ကိုမဆို လျှော့ပေါ့ကောက်ခံခြင်း သို့မဟုတ် လျှော့ပေါ့ကောက်ခံ၍ ကုသစောင့်ရှောက်ခြင်းအတွက် သုံးသပ်ဆင်ခြင်ပိုင်ခွင့်ရှိသည်။

3. ငွေကြေးအထောက်အပံ့ လျှောက်ထားခြင်း
   a. လူနာတစ်ဦးသည် Medina ခွဲစိပ်ကုသရေးစင်တာ ငွေကြေးအကူအညီ လျှောက်ထားခြင်း ဖောင်ပုံစံကို ပြည့်စုံအောင်ဖြည့်စွက်ရလိမ့်မည်။
      i. ငွေကြေးအထောက်အပံ့ လျှောက်လွှာပုံစံ မဖြည့်စွက်ထားပါက အချို့အခြေအနေများ (ဥပမာ၊ လူနာက အိမ်ယာမဲ့ဖြစ်နေခြင်း) တွင် ငွေကြေးအထောက်အပံ့ကို အတည်ပြု မှတ်တမ်းတင်ရန် ကိုက်ညီကြောင်း ယူဆချက်ကို အသုံးပြုနိုင်ပါသည်။

      ii. Medina ခွဲစိတ်ကုသရေးစင်တာသည် ထိုသို့သော အချက်အလက်များကို ရယူ၍ လူနာအားငွေကြေးအကူအညီအတွက် အရည်အချင်းပြည့်မီသည်ဟု မှတ်ယူနိုင်၍ ကူညီပေးနိုင်ရန် ရရှိနိုင်သောအရင်းအမြစ်များ (ဥပမာ၊ နည်းပညာဖြင့် ဖြေရှင်းနည်းများ၊ ဝန်ဆောင်မှုအဖွဲ့အစည်းများစသည်)ကိုသုံးနိုင်သည်။

b. ငွေကြေးအကူအညီတောင်းဆိုခြင်း ဖောင်ပုံစံကို ပြည့်စုံအောင်ဖြည့်ရာတွင် အကူအညီပေးရန် လူနာငွေကြေးအကူအညီပေးရေးဆိုင်ရာ အကြံပေးများ ရှိသည်။ လူနာငွေကြေးအကူအညီပေးရေးဆိုင်ရာ အကြံပေးများအကြောင်းကို စာမျက်နှာ 6 တွင်ကြည့်ရှုပါ။

4. ငွေကြေးအကူအညီလျှောက်လွှာလုပ်ငန်းစဉ်အတွင်း Medina ခွဲစိတ်ကုသရေးစင်တာ၏ လုပ်ဆောင်ချက်များ
   a. Medina ခွဲစိတ်ကုသရေးစင်တာ၏ ငွေကြေးအကူအညီမူဝါဒမှ ကမ်းလှမ်းပါသည်–
      i. မှတ်ပုံတင်လျှောက်လွှာပါ စည်းကမ်းချက်များတွင် ပါဝင်သည်။လု
      ii. လူနာ၏ ငွေတောင်းခံလွှာတွင် ပါဝင်သည်။
      iii. ထုတ်ပြန်ချက် https://www.summahealth.org/medinasurgerycenter

ဆေးရုံဆင်းပြီးနောက် ပထမအကြိမ် ငွေပေးချေရန်ကြေငြာချက်ထုတ်ပြီးသည့် နောက်အနည်းဆုံးရက်ပေါင်း 120 အတွင်း ငွေကြေး အကူအညီတောင်းခံလွှာကို တင်သွင်းခြင်းမရှိလျှင် Medina ခွဲစိတ်ကုသရေးစင်တာသည် ငွေတောင်းခံခြင်းနှင့် ကောက်ခံခြင်းမူဝါဒတွင် မှတ်ချက်ပြုထားသော လုပ်ဆောင်ချက်များကို လိုက်နာလုပ်ဆောင်နိုင်သည်။

b. မပြည့်စုံသောငွေကြေးအကူအညီလျှောက်လွှာပုံစံကို တင်သွင်းခြင်း – ဆေးရုံဆင်း၍ ငွေစာရင်းရှင်းတမ်း ထုတ်ပြီးသည့်နေ့မှ အနည်းဆုံးရက်ပေါင်း 240 အတွင်း မပြည့်စုံသော ငွေကြေးအကူအညီလျှောက်လွှာကို တင်သွင်းထားပါက(လျှောက်လွှာတင်ချိန်) Medina ခွဲစိတ်ကုသရေးစင်တာသည် အောက်ပါအတိုင်းလုပ်ဆောင်လိမ့်မည်–

   i. ငွေကြေးမူဝါဒနှင့်ဖောင်ပုံစံ အောက်ရှိ လိုအပ်သော နောက်ထပ် အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများကို ဖော်ပြကာ ထိုသူအား စာဖြင့် အသိပေးအကြောင်းကြားပါမည်။
   ii. လူပုဂ္ဂိုလ်တစ်ဦးသည် သင့်တင့်မျှတသော အချိန်အတောအတွင်း ငွေကြေးအကူအညီအကဲဖြတ်ခြင်းကို ပြီးမြောက်ရန်လိုအပ်သည့် အချက်အလက်ကို ပံ့ပိုးမှုမရှိပါက ခွဲစိပ်ကုသရေးစင်တာသည် လျှော့ဈေးခံစားခွင့်မပါဘဲ ငွေတောင်းခံခြင်းနှင့် ကောက်ခံခြင်းမူဝဒါရှိ မှတ်ချက်ပြုထားသော လုပ်ဆောင်ချက်များကို ဆက်လက်လုပ်ဆောင်နိုင်သည် သို့မဟုတ် စတင်လုပ်ဆောင်နိုင်သည်။

c. ပြည့်စုံသောငွေကြေးအကူအညီလျှောက်လွှာပုံစံကို တင်သွင်းခြင်း– Medina ခွဲစိပ်ကုသရေးစင်တာသည် အောက်ပါတို့ကို လုပ်ဆောင်လိမ့်မည်–

   i. ထူးထူးခြားခြား ငွေတောင်းခံမှုဆောင်ရွက်ချက်များ ဆောင်ရွက်ထားပါက ဆိုင်းငံ့ခြင်း
   ii. Medina ခွဲစိပ်ကုသရေးစင်တာ ငွေကြေးအကူအညီ လျှောက်ထားခြင်း ဖောင်ပုံစံကို ဆောင်ရွက်နေစဉ်တွင် မည်သို့သော ကောက်ခံခြင်းများကို မဆိုရပ်ထားပါ။
   iii. ထိုအကောင့်ကို ငွေတောင်းခံသော ကိုယ်စားလှယ်ထံ အပ်နှံထားပါက ဆုံးဖြတ်ချက်ချသောအခါ ငွေတောင်းခံမှုများ ရပ်တန့်ရန် ထိုအေဂျင်စီအား အသိပေးအကြောင်းကြားခြင်း
   iv. သတ်မှတ်ချက် ကိုက်ညီကြောင်း ဆုံးဖြတ်ချက် ချမှတ်ကာ မှတ်တမ်းတင်ခြင်း

v. ကိုက်ညီကြောင်း ဆုံးဖြတ်ချက်ကို သက်ဆိုင်သူအား အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားခြင်း

vi. သက်ဆိုင်လျှင် လူနာအားငွေကြေးအကူအညီ လျှော့ချပြီးနောက်လက်ကျန်ငွေကို ဖော်ပြသော ငွေတောင်းခံလွှာတစ်ခုကို ပေးပါ

vii. အပိုပေးချေထားမှုတစ်ခုခုကို သက်ဆိုင်သူအား ငွေပြန်အမ်းခြင်း

viii. ထိုသူထံသို့ ဆောင်ရွက်ထားသည့် ထူးထူးခြားခြား ငွေတောင်းခံမှု ဆောင်ရွက်ချက်များကို ရပ်ဆိုင်းရန် သင့်တော်သလို ပြုလုပ်ခြင်း

5. ငွေကြေးအထောက်အပံ့ မူဝါဒ၊ ငွေကြေးအထောက်အပံ့ လျှောက်လွှာ ပုံစံနှင့် ငွေကြေးအထောက်အပံ့ မူဝါဒ၏ ရိုးရှင်းသော အသုံးအနှုန်းဖြင့် ဖော်ပြထားသည့် အကျဉ်းချုပ်တို့သည် ပွင့်လင်းမြင်သာပြီး အင်္ဂလိပ်၊ စပိန်၊ အာရဗီ၊ နီပေါ၊ မြန်မာနှင့် ကရင် ဘာသာစကား ပြောဆိုသူများအတွက် ရရှိနိုင်ပါသည်။ Summa Health System ဝန်ဆောင်မှုပေးသောဒေသအတွက် သက်ဆိုင်သော ဘာသာစကားများ ဖြစ်ပါသည်။

a. ဝက်ဘ်ဆိုက်– Medina ခွဲစိပ်ကုသရေးစင်တာသည် လက်ရှိ ပြီးပြည့်စုံသောမူကို အောက်ဖော်ပြပါ ဝက်ဘ်ဆိုဒ်တွင် လူသိရှင်ကြား ပေါ်ပေါ်ထင်ထင် တင်ပြပါမည်–

i. ငွေကြေးအထောက်အပံ့ မူဝါဒ (FAP)
ii. ငွေကြေးအထောက်အပံ့ လျှောက်လွှာပုံစံ
iii. ငွေကြေးအထောက်အပံ့ မူဝါဒကို ရိုးရှင်းသော အသုံးအနှုန်းဖြင့် ဖော်ပြထားသည့် အကျဉ်းချုပ်
iv. Medina ခွဲစိပ်ကုသရေးစင်တာ လူနာအားငွေကြေးဆိုင်ရာအကြံပေးများအား ဆက်သွယ်ရန် အချက်အလက်

b. ဆိုင်းဘုတ်– Medina ခွဲစိပ်ကုသရေးစင်တာဆိုင်းဘုတ်ကို ဝင်ခွင့်နှင့် မှတ်ပုံတင်သည့် နေရာများအပါအဝင် အဆောက်အဦး၏ အများပြည်သူဆိုင်ရာနေရာများတွင် ထင်ထင်ရှားရှား ပြသထားမည်ဖြစ်သည်။

c. လူကိုယ်တိုင်– လူနာအားငွေကြေးဆိုင်ရာအကြံပေးများသည် လူနာများကို အားလုံးသော အကူအညီအစီအစဉ်များအတွက် အကျုံးဝင်မှုကို ဆုံးဖြတ်ရန် ငွေကြေးအကူအညီပေးရေး လျှောက်ထားခြင်းကို အခမဲ့ ကမ်းလှမ်းမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာ အနည်းငယ်သာပြောနိုင်သူ/လုံးဝမပြောနိုင်သူ သို့မဟုတ် နားမကြားသူအတွက် ဘာသာပြန်နည်းလမ်းကို အခမဲ့ ပေးထားပါမည်။

**ဘေးအန္တရာယ် အခြေအနေများအတွက်**
**ငွေကြေးအထောက်အပံ့–**

Medina ခွဲစိပ်ကုသရေးစင်တာသည် အိမ်ထောင်စုတစ်နှစ်လုံးစာ စုစုပေါင်းဝင်ငွေ၏ 25% ထက်ပိုသော ပေးရန်တာဝန်ရှိသည်အထိ အကြွေးများသည် လူနာအပေါ်တွင် သက်ရောက်ပါက ၎င်းကို ဆိုးဆိုးဝါးဝါးအခြေအနေများဟု သတ်မှတ်ပါသည်။

## လူနာအားငွေကြေးဆိုင်ရာအကြံပေးများ

ငွေရေးကြေးရေးအကူအညီများ၊ ငွေပေးချေမှုအစီအစဉ်များ၊ အာမခံအကျုံးဝင်မှု၊ Medicare နှင့်အခြားငွေရေးကြေးရေးဆိုင်ရာ မေးခွန်းများနှင့် ပတ်သက်သည့် သင်၏မေးခွန်းများကိုဖြေရန် လူနာအားငွေကြေးဆိုင်ရာအကြံပေးများ ရှိပါသည်။  အင်္ဂလိပ်ဘာသာ အနည်းငယ်သာပြောနိုင်သူ/လုံးဝမပြောနိုင်သူ သို့မဟုတ် နားမကြားသူအတွက် ဘာသာပြန်နည်းလမ်းကို အခမဲ့ ပေးထားပါမည်။

ငွေကြေးအထောက်အပံ့အတွက် နောက်ထပ်သိရှိလိုပါက ဖုန်းဆက်ရန် သို့မဟုတ် လူကိုယ်တိုင်လာရောက်ရန်

- Medina ခွဲစိပ်ကုသရေးစင်တာ ပရိဝုဏ်
  (330) 952-0014

  Central Registration

  3780 Medina Rd. Ste 120, Akron, OH 44309